www.facebook.com/themyawadydaily

ဒို့တာဝန်အရေးသုံးပါး
- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# မြဝတီ နေ့စဉ်

www.myawady.net.mm
E-mail: mwdpress@hotmail.co.uk

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက်မြဝတီ

the Myawady Daily

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ... ဝါဆိုလပြည့်နေ့ ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၁၉ ရက်၊ အင်္ဂါနေ့ အတွဲ(၆)၊ အမှတ်(၉၂)

**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

ပညာရှိတို့သည် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း မကောင်းမှုမှ စောင့်ရှောက်ကုန်၏။ ထိုကိုယ်နှုတ်စိတ်သုံးပါးတို့ဖြင့် ကောင်းစွာစောင့်ရှောက်သော ပညာရှိတို့သည်သာလျှင် ကောင်းစွာစောင့်ရှောက်သောသူတို့ မည်ကုန်၏။

ဓမ္မပဒ

# အာဇာနည်နေ့ တို့မမေ့ ၁၉ ဇူလိုင် မမေ့နိုင်

## တန်းတူညီတူ မဖြစ်သမျှကာလပတ်လုံး

ကျွန်တော်တို့က တကယ်ပဲသုညကစပြီး အကုန်လုံးပြန်ပြီးတော့အုတ်မြစ်ချပြီး အလုပ်လုပ်ရမှာဆိုတော့ အခြားနိုင်ငံတွေက ခြေလှမ်းတစ်လှမ်းလှမ်းရင် တခြားလွတ်လပ်တဲ့နိုင်ငံတွေက ခြေလှမ်းတစ်လှမ်းလှမ်းရင် ကျွန်တော်တို့က ခြေလှမ်း လေး၊ ငါး၊ ဆယ်လှမ်း လှမ်းလိုက်နိုင်မှ၊ အဲဒီလိုလိုက်နိုင်တဲ့အခါကျမှ နောက် ၁၀ နှစ်၊ အနှစ် ၂၀ တန်သည်အားဖြင့် အဲဒီလိုတန်းတူညီတူဖြစ်သွားမယ်။ တန်းတူညီတူမဖြစ်သမျှကာလပတ်လုံး ဒီတိုင်းပြည်ကြီးဟာလွတ်လပ်တယ်ဆိုပေမယ့် ဟိုလူ့မြင်တဲ့အခါမှာ မျက်နှာချီသွားရ၊ ဒီလူ့မြင်တဲ့အခါမှာ မျက်နှာချီသွားရနဲ့—သည်လိုနိုင်ငံမျိုးဖြစ်နေမှာပဲဆိုတာ ခင်ဗျားတို့ အတိအလင်းနားလည်ထားစေချင်တယ်။

(၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက် မြို့တော်ခန်းမကြီး၌ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့်မိန့်ခွန်းမှကောက်နုတ်ချက်)





# (၆၉)နှစ်မြောက် အာဇာနည်နေ့။

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



## အယ်ဒီတာ့အာဘော်

(၂၀၁၆ ခုနှစ်၊ ဇူလိုင် ၁၉ ရက်)

# အာဇာနည်အမှာစကား အလေးထားလိုက်နာ

ယနေ့ ၂၀၁၆ ခုနှစ် ဇူလိုင် ၁၉ ရက်သည် မြန်မာ့လွတ်လပ်ရေးဗိသုကာတပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးသည့် (၆၉)နှစ်မြောက် အာဇာနည်နေ့ဖြစ်သည်။

နတ်မောက်မြို့၌ ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ရှေ့နေကြီးဦးဖာနှင့် ဒေါ်စုတို့က မွေးဖွားခဲ့သော မောင်ထိန်လင်းသည် သူ့ကျွန်မခံတော်လှန်ခဲ့သော မြန်မာမျိုးချစ်သူရဲကောင်း ဦးမင်းရောင်၏မြေးဖြစ်သည်။ ဇာတိသွေးဇာတိမာန်ထက်သန်သော မျိုးရိုးကဆင်းသက်လာသော မောင်ထိန်လင်းသည် မြန်မာပြည်လွတ်လပ်ရေးအတွက် သခင်အောင်ဆန်း၊ ဗိုလ်တေဇ၊ ဗိုလ်ချုပ်အောင်ဆန်းဟူသော မျိုးချစ်အာဇာနည်ပုဂ္ဂိုလ်တစ်ဦးအဖြစ် ပြည်သူအပေါင်းက လေးစားကြည်ညိုကြသည်မှာ ယနေ့တိုင်ဖြစ်သည်။ နှစ်လရှည်ကြာ၍ ကမ္ဘာဆုံးတိုင်မေ့နိုင်ကြမည်မဟုတ်ပေ။

မောင်ထိန်လင်းသည် ရေနံချောင်းမြို့မှ အထက်တန်းကျောင်းသို့ တက်ရောက်ပညာသင်ကြားနေစဉ်မှာပင် ရေနံမြေလုပ်သားတို့ဘဝကိုမြင်တွေ့ရသော် ကိုလိုနီနိုင်ငံသားဖြစ်နေသရွေ့ ဝမ်းမဝ၊ ခါးမလှနိုင်ချာသောဘဝမှလွတ်မြောက်အောင် ကြိုးစားရမည်ဆိုသောအသိကို သွေးကစကားပြောလာသည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝရောက်သောအချိန် သခင်အောင်ဆန်းအမည်ခံယူပြီး တစ်မျိုးသားလုံးလွတ်လပ်ရေးနှင့်ကြီးပွားရေးအတွက် အသက်စွန့်ကြိုးပမ်းဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားသည့်အတိုင်းကြိုးပမ်းခဲ့သည်။

ရန်ကုန်တက္ကသိုလ် ဒုတိယကျောင်းသားသပိတ် (၁၉၃၆) နှင့် ၁၃၀၀ ပြည့်အရေးတော်ပုံ ၁၉၃၈ တို့တွင် တက်ကြွစွာပါဝင်ခဲ့သည်။ မြန်မာ့လွတ်လပ်ရေးအတွက် သခင်အောင်ဆန်းဦးဆောင်သော မျိုးချစ်လူငယ်ရဲဘော်သုံးကျိပ်တို့သည် ဂျပန်ပြည်သို့သွားရောက်စစ်ပညာသင်ကြားခဲ့ကြပြီး ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကိုဖွဲ့စည်း၍ ဂျပန်တပ်မတော်နှင့်အတူ မြန်မာပြည်အတွင်းရှိ ဗြိတိသျှတို့ကို တိုက်ထုတ်ခဲ့သည်။

ဗြိတိသျှတပ်များ မြန်မာပြည်မှအပြီးဆုတ်ခွာသွားပြီးနောက် ဂျပန်တို့က ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဗမာ့ကာကွယ်ရေးတပ်မတော်ဟူသော အမည်သို့ပြောင်းလိုက်သည်။ ထိုမှတစ်ဖန် မျိုးချစ်ဗမာ့တပ်မတော်အမည်သို့ပြောင်းသည်။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော တပ်မတော်သည် အမည်နာမည်သို့ပင်ပြောင်းလဲစေကာမူ တစ်မျိုးသားလုံးလွတ်မြောက်ရေးပန်းတိုင်ကို မျက်ခြည်မပြတ်စေဘဲ ဆက်လက်လျှောက်လှမ်းခဲ့ရာ ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်နေ့မှစတင်၍ တပ်မတော်နှင့်ပြည်သူတို့၏ညီညွတ်သောအင်အားဖြင့် ဖက်ဆစ်ဂျပန်တော်လှန်ရေးကြီးကို အောင်မြင်စွာဆင်နွှဲနိုင်ခဲ့သည်။

ဖက်ဆစ်တို့ကို မြန်မာ့မြေပေါ်မှမောင်းထုတ်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်ပြန်လည်ဝင်ရောက်လာသော ဗြိတိသျှတို့သည် မြန်မာပြည်အုပ်ချုပ်ရေးကို စက္ကူဖြူစာတမ်းဖြင့် ကြေညာခဲ့သည်။ ဗြိတိသျှတို့ကြေညာသော စက္ကူဖြူစာတမ်းသည် မြန်မာတစ်မျိုးသားလုံး၏ဆန္ဒနှင့်ဆန့်ကျင်ဘက်ဖြစ်ပြီး လွတ်လပ်ရေးပေးရန် အချိန်ဆွဲသည့်အုပ်ချုပ်ရေးစနစ်သာဖြစ်သည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော မျိုးချစ်ပုဂ္ဂိုလ်ကြီးများ၏ကြိုးပမ်းမှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၏သမိုင်းမှတ်တိုင် ပင်လုံစာချုပ်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ချုပ်ဆိုနိုင်ခဲ့သည်။

ပင်လုံစာချုပ်ချုပ်ဆိုပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဖဆပလအဖွဲ့ကြီးက တစ်နှစ်အတွင်းလွတ်လပ်ရေးရရန် ဆက်လက်ကြိုးပမ်းကြသည်။ ဗြိတိသျှအစိုးရကလည်း မြန်မာပြည်အုပ်ချုပ်ရေးကိစ္စရပ်များအတွက် ဘုရင့်အမှုဆောင်ကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလကိုသာလွှဲအပ်ထားသည်။ တစ်ဖက်ကလည်း မြန်မာနိုင်ငံကိုလွတ်လပ်ရေးမပေးမီ ဖဆပလအစိုးရအဖွဲ့အားဖြုတ်ချ၍ ဒိုမီနီယံအတွင်းဆက်ထားရန် အလိုတော်ရိများမွေးမြူထောက်ပံ့ထားသည်။ ဤသို့ဖြင့် ဗြိတိသျှတို့စနက်ကြောင့် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ရန်ကုန်မြို့အတွင်းဝန်များရုံး၌ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဝန်ကြီးများအစည်းအဝေးကျင်းပစဉ် ဂဠုန်ဦးစော၏တပည့်များက မောင်းပြန်သေနတ်များကိုင်ဆောင်ကာ ဝင်ရောက်ပစ်ခတ်သဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တခြားအာဇာနည်ပုဂ္ဂိုလ်ရှစ်ဦးကျဆုံးသွားကြသည်။

ကျဆုံးသွားသော အာဇာနည်ခေါင်းဆောင်ကြီးများသည် လွတ်လပ်သောမြန်မာပြည်ကိုမြင်မသွားရှာကြပေ။ လွတ်လပ်ရေးအတွက် အသက်ပေးတိုက်ပွဲဝင်ခဲ့ကြသူများသည်လည်း လွတ်လပ်သော မြန်မာပြည်ကိုမမြင်နိုင်ကြတော့။ လွတ်လပ်သောမြန်မာပြည်တွင် သက်ရှိထင်ရှားရှိသူများက လွတ်လပ်ရေးကိုကာကွယ်နိုင်ရန် စည်းကမ်းရှိရှိဖြင့် ညီညီညွတ်ညွတ်ထူထောင်ကြမှသာ လွတ်လပ်ရေးတည်တံ့ခိုင်မြဲနိုင်ပေမည်။

ရန်ကုန်မြို့တော်ခန်းမကြီး၌ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက်တွင်ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးသို့ ဗိုလ်ချုပ်အောင်ဆန်းတက်ရောက်မိန့်ခွန်းပြောကြားစဉ် "လွတ်လပ်ရေးအရသာကိုခံစားစံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့၊ ယခုကတည်းက ခင်ဗျားတို့ကိုယ်ကိုအကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ သောက်ကျင့်တွေကိုပြင်ကြဖို့လိုပြီဆိုတာ ကျွန်တော်ကနေ့ပြောခဲ့ချင်တယ်" ဆိုသော အမှာစကားအလေးထားလိုက်နာခြင်းဖြင့် အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ ကျေးဇူးသိတတ်ရာရောက်မည်ဖြစ်ကြောင်း မြဝတီကထပ်လောင်းနှိုးဆော်လိုက်ရပါသည်။ ။

# မဟာဗောဓိတစ်ထောင်ကျောင်းတိုက် ဒသမအကြိမ် စာအောင်ဆုပေးပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း



ဆရာတော်ထံ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းလှိုင် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။

နေပြည်တော် ဇူလိုင် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မဟာဗောဓိတစ်ထောင်ကျောင်းတိုက် ဒသမအကြိမ် စာအောင်ဆုပေးပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့နယ်၊ ခတက္ကန်တောင်ရွာ၊ မဟာဗောဓိတစ်ထောင်ကျောင်းတိုက်၊ ဓေါ်သီသနပ်ခါးဗိမာန်တော်ကြီး၌ပြုလုပ်ရာ သံဃာတော်များကြွရောက်တော်မူကြပြီး အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းလှိုင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အလှူရှင်များတက်ရောက်ကြသည်။

ဦးစွာ ညောင်ပင်သာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်နဝကမ္မအလှူငွေများဆက်ကပ်လှူဒါန်းပြီး စာအောင်သံဃာတော်များအား စာအောင်လက်မှတ်နှင့်အလှူငွေများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၁၆)ဖွင့်ပွဲကို တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှတာဝန်ရှိသူများနှင့် နည်းပြများတက်ရောက်ကြပြီး တိုင်းမှူးက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသား ၈၅ ဦးဖြင့် ဇူလိုင် ၂၉ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# အရာထမ်း၊ အမှုထမ်းများ စိတ်ကူးစိတ်သန်းများဖြင့်ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၈

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကို ယခုထက်ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ်များနှင့် အရာထမ်း၊ အမှုထမ်းများ၏ စိတ်ကူးစိတ်သန်းများဖြင့် စုပေါင်း၍ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယိုအေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ တစ်ဦးတစ်ယောက်ချင်းစီဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ မိမိတို့၏ စိတ်ကူးစိတ်သန်းများကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ အကြံပြုရေးသားပေးပို့ကြစေလိုကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝင်းအတွင်းရှိ မီတာ ၂၀၀ တာဝါနှင့်လွှင့်စက်ခန်းတွင် ရုပ်မြင်သံကြားနှင့် FM ရေဒီယိုထုတ်လွှင့်နေမှုများနှင့် ၉ မီတာ ဗြိုဟ်တုမြေပြင်စခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်တိုးချဲ့ဆိုင်သစ် ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စာပေဗိမာန်စာအုပ်ဆိုင် တိုးချဲ့ဆိုင်သစ်ဖွင့်ပွဲကို နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ကျင်းပမည့် ဇူလိုင် ၂၉ ရက်တွင် တစ်ပြိုင်တည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၄ ပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးဗိုလ်စွဲ

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၄ နှစ်အောက် ဘောလုံးပြိုင်ပွဲ MFF U-14 Boys 100PLUS Super Cup 2016 ပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေ ၃ နာရီတွင် MFF မြက်ခင်းတုကွင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိဗိုလ်စွဲသွားသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအားဆုပေးအပ်စဉ်။

အဆိုပါ ပွဲစဉ်များသည် အသက် ၁၄ နှစ်အောက်ပြိုင်ပွဲများဖြစ်၍ ပထမပိုင်း ၃၅ မိနစ်၊ ဒုတိယပိုင်း ၃၅ မိနစ်စီ ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်တစ်ဂိုးစီသရေဖြစ်နေ၍ အချိန်ပို ၁၅ မိနစ်စီ ဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။ အချိန်ပိုတွင်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိ၍ ပယ်နယ်တီအဆုံးအဖြတ်ဖြင့်ကန်သွင်းရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ၄ ဂိုး-၃ ဂိုးဖြင့် အနိုင်ရရှိသွားသည်။ တတိယနေရာလုပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းက နေပြည်တော်အသင်းကို ၅ ဂိုး-၂ ဂိုးဖြင့် အနိုင်ရခဲ့သည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား ချန်ပီယံဆုဖလား၊ တစ်ဦးချင်းရွှေတံဆိပ်ဆုနှင့် ဆုကြေးငွေကျပ်သိန်း ၂၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (၂၂၀)

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# တန်ဖိုးနည်းအိမ်ရာ ဝယ်ယူမည့်သူများအတွက် ဘဏ်ခွဲများ ဖွင့်လှစ်မည့်အပြင် လွယ်ကူစွာ ငွေပေးချေနိုင်ရန် မိုဘိုင်းလ်စနစ်ဖြင့် ပြုလုပ်မည်

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံအနှံ့၌ တည်ဆောက်လျက်ရှိသည့် တန်ဖိုးနည်းအိမ်ရာများကို ဝယ်ယူမည့်ပြည်သူများအတွက် ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခု၌ ဘဏ်ခွဲများ ထပ်မံဖွင့်လှစ်သွားမည့်အပြင် အိမ်ရာဝယ်ယူမည့်သူများ လွယ်ကူစွာငွေပေးချေနိုင်ရန် မိုဘိုင်းလ်စနစ်ဖြင့် ပြုလုပ်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ထို့ပြင် ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် အစိုးရ၏တန်ဖိုးနည်းနှင့် တန်ဖိုးမျှတအိမ်ရာပေါင်း ၈၀၀၀ ဆောက်လုပ်ပေးမည့်စီမံချက်တွင် ဝယ်ယူမည့်ပြည်သူများအတွက် အဆင်ပြေလွယ်ကူစေရန် ချေးငွေထုတ်ချေးပေးမည်ဖြစ်ပြီး အိမ်ရာဝယ်ယူမည့် ပြည်သူများအနေဖြင့် သတ်မှတ်ထားသည့်နှုန်းထားအတိုင်း ပထမအရစ် ၃၀ ရာခိုင်နှုန်းကိုပေးချေပြီး ကျန်ရှိသည့် ၇၀ ရာခိုင်နှုန်းကို ယင်းဘဏ်က ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အိမ်ရာများတည်ဆောက်ရာတွင် မြန်မာနိုင်ငံတစ်ဝန်း၌ အိမ်ရာပေါင်း ၂၀၀၀ ကျော် ဆောက်လုပ်ပြီးစီးနေပြီး ယင်းအိမ်ရာများကို မဲစနစ်ဖြင့် ပြည်သူများထံသို့ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ဆုလာဘ်



# ပဲခူးတိုင်းဒေသကြီး ဝင်္ဂဘော်ရွာအနီးရှိ မြန်မာ့သစ်လုပ်ငန်းပိုင် မြေ ၈၆ ဧကတွင် ဆင်ထိန်းသိမ်းရေးစခန်းတစ်ခုတည်ဆောက်သွားမည်

ပဲခူး ဇူလိုင် ၁၈

မြန်မာ့သစ်လုပ်ငန်းပိုင်ဆင်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့နယ် ဝင်္ဂဘော်ရွာအနီးရှိ မြန်မာ့သစ်လုပ်ငန်းပိုင် မြေနေရာ ၈၆ ဧက၌ ဆင်ထိန်းသိမ်းရေးစခန်းတစ်ခု ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

မြန်မာ့သစ်လုပ်ငန်းက အဆိုပါဝင်္ဂဘော်ဆင်ထိန်းသိမ်းရေးစခန်း၌ ဆင်များကို ထိန်းသိမ်းရေး၊ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းတို့အပြင် သဘာဝအခြေပြုခရီးသွားလုပ်ငန်းများ (Eco Tourism) လုပ်ဆောင်သွားမည်ဖြစ်ပြီး လက်ရှိတွင် မြန်မာ့သစ်လုပ်ငန်းက ဝန်တင်ဆင်သုံးကောင်ကို ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

ဆင်စခန်းသို့လာရောက်လည်ပတ်သည့် ဧည့်သည်များအား ဆင်များ၏သဘာဝအတိုင်း နေထိုင်ကျက်စားမှုကိုပြသခြင်း၊ သစ်ဆွဲ၊ သစ်ထုတ်လုပ်ငန်းများကို သရုပ်ပြခြင်းတို့အပြင် ဆင်စီးခြင်းတို့ကိုပါပြုလုပ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ပိုင်းတွင်လည်း ဆင်စခန်းများ၌ ဆင်ကောင်ရေ ထပ်မံတိုးချဲ့ထားရှိပေးသွားမည်ဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ၌ ဆင်များကိုထိန်းသိမ်းစောင့်ရှောက်ထားသည့် မြန်မာ့သစ်လုပ်ငန်းပိုင် တောင်ငူ ဖိုးကျားဆင်စခန်း၊ သာယာဝတီ မြိုင်ဟေဝန်ဆင်စခန်း၊ ပုသိမ်မြို့ ငွေဆောင်ဆင်စခန်း၊ ကသာမြို့ အနောက်ဘက်ရှိ နတ်မောက်ဆင်စခန်း၊ ဇန်းမော်မြို့ ဝဲမဆင်စခန်း၊ ပြင်ဦးလွင်မြို့ ဝါးမြူတောင်ဆင်စခန်း၊ မော်လိုက်မြို့အနောက်ဘက် ကျားဆွဲဆင်စခန်းနှင့် ပြည်မြို့ ပေါ်လံကြီးဆင်စခန်းတို့ကို တည်ဆောက်ဖွင့်လှစ်ပေးထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။ (၄၄၇)



ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် အမှတ် (၇၁၅) ဘုရင့်နောင်လမ်းမရှိ ရှေကြည်တစ်ပေါက်ပရဟိတနှင့် လူမှုရေးအသင်း(အင်းစိန်)မှ အသင်းဥက္ကဋ္ဌ ဦးမင်းနိုင်ဦးစီးသည့် အသင်းသား၊ အသင်းသူများနှင့် အလှူရှင်များစုပေါင်း၍ ရပ်ကွက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းငါးကျောင်းမှ နာယကဆရာတော်ကြီးငါးပါးတို့အား ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပြီး အသင်းဝင်သားသမီးတို့အား ပညာသင်စရိတ်ပံ့ပိုးလှူဒါန်းနေမှုကို တွေ့ရစဉ်။ (၂၅၀)

# ပြည်တွင်းမှ ပဲပင်ပေါက်များကို ဥရောပသို့ ရာနှုန်းပြည့်တင်ပို့နိုင်ရန် လိုအပ်သောနည်းပညာများ သင်တန်းပို့ချပေးမည်

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံမှထွက်ရှိသော ပဲပင်ပေါက်များဝယ်ယူရန် ဥရောပနိုင်ငံများနှင့်သဘောတူညီမှုရရှိထားပြီး တင်ပို့ရာတွင် အရည်အသွေးပြည့်မီစေရေးအတွက် စိုက်ပျိုးထုတ်လုပ်နည်းပညာများအပါအဝင် ထုတ်လုပ်သည့်ပုံစံများကိုပါ သင်တန်းများပို့ချပေးမည်ဖြစ်ကြောင်း၊ ယင်းကုန်ပစ္စည်း၏ အရည်အသွေးထုတ်လုပ်နိုင်မှုအပေါ် မူတည်ကာ ဈေးနှုန်းသတ်မှတ်ပေးမည်ဖြစ်ပြီး ဥရောပအဖွဲ့ဝင်နိုင်ငံတိုင်းသို့ လိုအပ်သော ပမာဏအထိ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းမှထွက်ရှိသော ပဲပင်ပေါက်များသည် အရသာကောင်းမွန်ခြင်းကြောင့် ပြည်ပနိုင်ငံတချို့ကတင်သွင်းမှုရှိနေပြီး ယခုအခါတွင် ဥရောပနိုင်ငံများကလည်း ဝယ်ယူလာကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ပြည်တွင်း၌ လိုအပ်နေသောနည်းပညာများကို ဥရောပနိုင်ငံများကကူညီပေးသွားမည်ဖြစ်ပြီး ယင်းအကူအညီများကို စိုက်ပျိုးထုတ်လုပ်သူများအား သင်တန်းအနေဖြင့် ပို့ချပေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပဲပင်ပေါက်ပြုလုပ်သည့် ပဲတီစိမ်းကို ၂၀၁၄ ခုနှစ်မှစတင်ကာ ဥရောပနိုင်ငံများသို့ တန်ချိန် ၅၀၀၀ တင်ပို့နိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် တန်ချိန် ၈၀၀၀ တင်ပို့နိုင်ခဲ့ကြောင်းနှင့် ယခုနှစ်တွင် တန်ချိန် ၁၅၀၀၀ မှ ၂၀၀၀၀ ကြားအထိ တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

ပြည်ပနိုင်ငံများ၌ ပဲပင်ပေါက်ကို အစိမ်းသုပ်စားကြပြီး ဟိုတယ်များတွင်လည်းရောင်းချမှုရှိသည့်အတွက် ဈေးကွက်ဝင်လာခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှထွက်ရှိသော ပဲပင်ပေါက်များကို တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများက ဝယ်ယူကြပြီး ဥရောပနိုင်ငံများက ယင်းနိုင်ငံများမှပေးသည့်ဈေးနှုန်းထက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၀၀ ဝန်းကျင်ခန့် ပို၍ပေးမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ပဲတီစိမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၄၀၀ ဝန်းကျင်ဈေးပေါက်ပြီး ဥရောပနိုင်ငံများက တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၆၀၀ ဖြင့် ဝယ်ယူမှုရှိနေကြောင်း သိရသည်။ စိုးမိုး

# အသေးစားနှင့်အလတ်စားစက်မှုဖွံ့ဖြိုးရေးဘဏ်က သုံးနှစ်အတွင်း SME လုပ်ငန်းရှင်များအား ချေးပေးထားသော ငွေကျပ် ၂၁ ဒသမ ၅၈ ဘီလီယံတွင် ငွေကျပ် ၆ ဘီလီယံဆပ်ရန်ကျန်ရှိနေ

ရန်ကုန် ဇူလိုင် ၁၈

နိုင်ငံတော်မှ SME လုပ်ငန်းရှင်များအား ချေးရန် အသေးစားနှင့်အလတ်စားစက်မှုဖွံ့ဖြိုးရေးဘဏ်သို့ ချေးငွေကျပ် ၃၀ ဘီလီယံ ချထားပေးခဲ့သည့်အနက်မှ အသေးစားနှင့်အလတ်စားစက်မှုဖွံ့ဖြိုးရေးဘဏ်က ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် သုံးနှစ်အတွင်း SME လုပ်ငန်းရှင်များအား ငွေကျပ် ၂၁ ဒသမ ၅၈ ဘီလီယံကိုထုတ်ချေးပေးခဲ့ရာ ယခုပြန်ဆပ်ချိန်တွင် လုပ်ငန်းရှင်များဘက်မှ ငွေကျပ် ၁၀ ဘီလီယံ ကြွေးကျန်များ ရှိနေခဲ့သည်။ ထိုငွေကျပ် ၁၀ ဘီလီယံကို နိုင်ငံတော်သို့ပြန်လည်ပေးဆပ်ရန် ကျန်ရှိနေသဖြင့် အသေးစားနှင့်အလတ်စားစက်မှုဖွံ့ဖြိုးရေးဘဏ်က ငွေကျပ် ၈ ဘီလီယံစိုက်ဆပ်ခဲ့သောကြောင့် ငွေကျပ် ၂ ဘီလီယံမှာ ကြွေးကျန်အဖြစ် ကျန်ရှိနေပြီး SME လုပ်ငန်းရှင်များ ချေးငွေပေးဆပ်မှုအဆင်ပြေစေရေးအတွက် ယခုဘဏ္ဍာနှစ်တွင်ဆပ်ရန် တစ်နှစ်တိုးမြှင့်ပေးထားကြောင်း အသေးစားနှင့် အလတ်စားစက်မှုဖွံ့ဖြိုးရေးဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆန်းမောင်က ပြောသည်။

"တချို့လုပ်ငန်းတွေကလည်း ဆုံးရှုံးတာတွေနဲ့ ကြုံရတဲ့အတွက် သုံးနှစ်ပြည့်လည်း မဆပ်နိုင်ဘူးဖြစ်နေတယ်။ အဲဒါကြောင့် သက်တမ်းတိုးပေးထားတယ်။ လုပ်ငန်းရှင်တွေဘက်က တကယ်ပြန်ဆပ်တာ ငွေကျပ် ၃ ဘီလီယံလောက်ပဲရှိတယ်။ ငွေကျပ် ၆ ဘီလီယံလောက်ကျန်တယ်။ ဒါပေမဲ့ မြန်မာ့စီးပွားရေးဘဏ်နဲ့ စာချုပ်ချုပ်ထားတာဖြစ်တဲ့အတွက် ကျွန်တော်တို့က ငွေကျပ် ၈ ဘီလီယံကို စိုက်ဆပ်ပေးလိုက်ပါတယ်။ နိုင်ငံတော်က ချေးတဲ့ ငွေကျပ်၂၁ ဒသမ ၅၈ ဘီလီယံမှာ ငွေကျပ် ၈ ဒသမ ၄၂ ဘီလီယံ ကျန်နေသေးတယ်။ လုပ်ငန်းရှင်တွေကမဆပ်နိုင်လို့ ကျွန်တော်တို့ဘဏ်က အဲဒီထဲကနေ ငွေကျပ် ၈ ဘီလီယံ စိုက်ဆပ်ထားတာဖြစ်ပါတယ်။ ဒီပိုက်ဆံက ဆုံးသွားတာတော့မဟုတ်ပါဘူး။ လုပ်ငန်းရှင်တွေအနေနဲ့ ရင်းနှီးမြှုပ်နှံထားလို့ဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

အသေးစားနှင့် အလတ်စားစက်မှုဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ပြန်လည်ချေးထားသည့် အတိုးနှုန်းမှာ ၈ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး နိုင်ငံတော်ထံမှချေးယူသည့်ငွေကို ပြန်လည်ပေးဆပ်ရသည့်အတိုးနှုန်းမှာ ၈ ဒသမ ၂၅ ရာခိုင်နှုန်းဖြစ်သောကြောင့် ဘဏ်၏ရှယ်ယာရှင်များအတွက် အမြတ်ဝေစုမှာ သုည ဒသမ ၂၅ ရာခိုင်နှုန်းရရှိပြီး ဘဏ်လုပ်ငန်းမှာ အရှုံးပေါ်နေကြောင်း သိရသည်။

လက်ရှိတွင် SME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များကိုပံ့ပိုးကူညီပေးနိုင်ရန် နိုင်ငံတော်အစိုးရ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်ညှိနှိုင်းနေပြီး SME လုပ်ငန်းရှင်များကို ငွေကျပ် ၈ ဒသမ ၄၂ ဘီလီယံ ထပ်မံချေးပေးနိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၄၄၃)

www.facebook.com/themyawadydaily

# အင်းလေးကန်အတွင်း လိုင်စင်ထုတ်ပေးရန်ကျန်ရှိနေသော စက်လှေများကို ဩဂုတ်လတွင် ထပ်မံထုတ်ပေးသွားမည်



ညောင်ရွှေ ဇူလိုင် ၁၈

အင်းလေးကန်အတွင်း ပြေးဆွဲနေသည့် စက်လှေအစင်းရေ ၁၀၀၀ ကျော်ရှိပြီး ဇွန် ၁ ရက်မှ ၁၅ ရက်အတွင်း စက်လှေအစင်းရေ ၁၀၀၀ ခန့်ကို လိုင်စင်ထုတ်ပေးခဲ့ရာ ယခုအခါ ကျန်ရှိနေသည့်စက်လှေများကို ဩဂုတ်လတွင် လိုင်စင်ထပ်မံထုတ်ပေးသွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန တောင်ကြီးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်ကပြောသည်။

"စက်လှေတွေကို အရင်တုန်းက လိုင်စင်ထုတ်ပေးထားတာ ၁၀ စင်းလောက်ပဲရှိတယ်။ အခုလက်ရှိပြေးဆွဲနေတာက အစင်း ၁၀၀၀ ကျော်လောက်ရှိတယ်။ အဲဒီထဲက နိုင်ငံခြားခရီးသွားဧည့်သည် တင်ဆောင်ခွင့်လိုင်စင်ထုတ်ပေးထားတာ အစင်းရေ ၁၀၀၀ နီးပါးရှိပါပြီ။ သစ်တောဦးစီးဌာနက စက်လှေနဲ့ပတ်သက်တာ စစ်ဆေးတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စက်လှေတွေကို စာရင်းသွင်းတယ်။ လောလောဆယ် ဒေသအတွင်းမှာ နိုင်ငံခြားခရီးသွားဧည့်သည်တွေအတွက် ပြေးဆွဲနေတဲ့ယာဉ်တွေကို ပို့ဆောင်တဲ့လိုင်စင်လုပ်ပေးနေတယ်။ မော်တော်ယာဉ်ပြီးရင် ဩဂုတ်လပိုင်းမှာ ကျန်ရှိနေတဲ့ စက်လှေတွေကို ပြန်လုပ်ပေးမယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ စက်လှေမောင်းသူဦးရေ ၁၀၀၀ ကျော်ကို ဌာနလေးခုပေါင်း၍ နိုင်ငံခြားခရီးသွားဧည့်သည်များနှင့်ပတ်သက်သည့် တစ်ဦးချင်းလိုက်နာရမည့် အသိပညာများ၊ စည်းကမ်းများကို သင်တန်းပို့ချခဲ့ပြီး ဧည့်သည်များအား ပို့ဆောင်ရာတွင် စနစ်တကျဖြစ်စေရန် လိုင်စင်ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အင်းလေးကန်ဒေသအတွင်း၌ နိုင်ငံခြားခရီးသွားဧည့်သည်များကို ပို့ဆောင်ပေးနေသည့် မော်တော်ယာဉ်အစီးရေ ၃၀၀ ခန့်ရှိပြီး လိုင်စင်ထုတ်ပေးရန် ညှိနှိုင်းပြီးပါက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်ကိုက်ညီသော မော်တော်ယာဉ်များကို လိုင်စင်ထပ်မံထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၀၀၇)

# စတော့ရှယ်ယာ လက်တွေ့အရောင်းအဝယ် ပြုလုပ်နည်း အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်မှုအားနည်း

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံ၌ စတော့ရှယ်ယာဈေးကွက် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်မှာ ငါးလနီးပါးကြာမြင့်နေပြီဖြစ်သော်လည်း စတော့ရှယ်ယာများအရောင်းအဝယ်ပြုလုပ်နည်းနှင့်ပတ်သက်၍ လက်တွေ့ကျသော အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်မှုအားနည်းနေသေးကြောင်း သိရသည်။

ရုပ်သံလွှင့်ဌာနများမှတစ်ဆင့် စတော့ရှယ်ယာများ လက်တွေ့အရောင်းအဝယ်ပြုလုပ်နည်းများကို အသိပညာပေးရန် လိုအပ်နေသကဲ့သို့ နားလည်တတ်ကျွမ်းသူများက ဗဟုသုတမျှဝေမှုမှာလည်း အားနည်းနေသေးကြောင်း၊ ထို့ပြင် စတော့ရှယ်ယာအရောင်းအဝယ်ပြုလုပ်လိုသူများက လက်တွေ့ကျသော စတော့ရှယ်ယာအရောင်းအဝယ်ပြုလုပ်နည်းစာအုပ်များကို စာအုပ်ဆိုင်များ၌ အမေးများသော်လည်း ရေးသားထုတ်ဝေသောစာအုပ်များ မရှိသလောက်နည်းပါးနေသေးကြောင်း သိရသည်။

"ရန်ကုန်စတော့အိတ်ချိန်း ပေါ်လာတာတော့ ငါးလလောက်ရှိပြီ။ ဒါပေမဲ့ စတော့အိတ်ချိန်းမှာ အရောင်းအဝယ်လုပ်နိုင်ဖို့ လက်တွေ့ကျတဲ့နည်းလမ်းတွေကို အသိပညာပေးမှုတွေ နည်းပါးနေသေးတယ်။ စတော့အိတ်ချိန်းမှာရှိတဲ့ ဘယ်ဇယားကွက်က ဘာကိုပြောတယ်၊ ဘာကိုရည်ညွှန်းတယ်ဆိုတာကို အခြေခံကျကျ အသိပညာပေးရှင်းပြမှုတွေ အားနည်းနေသေးတယ်။ နောက်ပြီး စာအုပ်တွေမှာ ပညာရပ်ဆန်ဆန်ရေးသားထားတော့ လက်တွေ့ကျမှု သိပ်မရှိဘူးပေါ့" ဟု ရန်ကုန်စတော့အိတ်ချိန်းသို့ လာရောက်လေ့လာသူတစ်ဦးကပြောသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် စတော့ရှယ်ယာကစားလိုသူများအနေဖြင့် လက်တွေ့ပိုင်းနှင့် ပညာရပ်ပိုင်းကို လေ့လာပြီးမှသာ စတော့အိတ်ချိန်းဈေးကွက်တွင် ဝင်ရောက်ကစားသင့်ကြောင်း၊ စတော့ရှယ်ယာကစားခြင်းကို ငွေကြေးအမြတ်အစွန်း အလွယ်တကူရရှိနိုင်သော လုပ်ငန်းတစ်ခုအဖြစ် သဘောထားပြီး စတော့ရှယ်ယာဈေးကွက်အတွင်း ဝင်ရောက်ကစားပါက ငွေကြေးဆုံးရှုံးနစ်နာမှုများရှိလာနိုင်ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း (YSX) ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီမှုအရ တိုကျိုစတော့အိတ်ချိန်းနှင့် ဒိုင်ဝါငွေချေးသက်သေခံလက်မှတ်များ ကုမ္ပဏီအုပ်စုက ၄၉ ရာခိုင်နှုန်းနှင့် နိုင်ငံတော်ပိုင် မြန်မာ့စီးပွားရေးဘဏ်က ၅၁ ရာခိုင်နှုန်း ထည့်ဝင်ရင်းနှီးမြှုပ်နှံပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆောင်းဦး

# ပိုးတွေ့ရှိမှုကြောင့် ထုတ်လုပ်ခွင့်မကျသည့် ရေသန့်လုပ်ငန်းပေါင်း ၄၀ ခန့်ရှိ

ရန်ကုန် ဇူလိုင် ၁၈

ရေသန့်လုပ်ငန်း ထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားမှုတွင် ပိုးတွေ့ရှိမှုကြောင့် ထုတ်လုပ်ခွင့်မကျသည့် လုပ်ငန်းပေါင်း ၄၀ ခန့်ရှိပြီး ယင်းတို့အထဲတွင် လုပ်ငန်းကြီးများလည်းပါဝင်နေကြောင်း မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ သိရသည်။

ရေသန့်လုပ်ငန်း ထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားရာတွင် ထုတ်လုပ်မည့်ပစ္စည်းနမူနာများကို FDA သို့ ပေးပို့စစ်ဆေးရပြီး အဆိုပါစစ်ဆေးမှုတွင် သုံးကြိမ်တိုင်ပိုးတွေ့ရှိထားသည့်လုပ်ငန်းများကို ထုတ်လုပ်ခွင့်မပြုကြောင်း သိရသည်။

မကြာသေးမီက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မှတ်ပုံတင်ထားခြင်းမရှိသော စံချိန်စံညွှန်းမညီသည့် ရေသန့်လုပ်ငန်း ၁၃ ခုကို လုပ်ငန်းပိတ်သိမ်းခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရေသန့်လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်မှု ရှိ၊ မရှိ ရှောင်တခင်စစ်ဆေးလျက်ရှိပြီး တချို့သော ရေသန့်များမှာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အရည်အသွေးစိစစ်ထောက်ခံထားသည့် ရေသန့်များမဟုတ်ကြောင်း သိရသည်။

မြန်မာတစ်နိုင်ငံလုံး၌ အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက်အတွက် စိစစ်ထောက်ခံထားသည့် သက်တမ်းရှိ ရေသန့်လုပ်ငန်းပေါင်း ၃၄၄ ခုရှိပြီး ထောက်ခံချက်မရှိဘဲ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများကို စိစစ်တွေ့ရှိပါက အမျိုးသားအစားအသောက်ဥပဒေအရ အရေးယူလျက်ရှိကြောင်း သိရသည်။

(၀၀၇)

# ရာသီဥတုဆိုးရွားမှုကြောင့် ရပ်နားထားသော ရခိုင်ပြည်နယ်သို့ အဝေးပြေးခရီးစဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲ

ရန်ကုန် ဇူလိုင် ၁၈

ရခိုင်ပြည်နယ်၌ ရာသီဥတုဆိုးရွားမှုကြောင့် ရန်ကုန်မြို့ရှိ အဝေးပြေးယာဉ်လိုင်းတချို့မှ ပြေးဆွဲမှုယာယီရပ်နားခဲ့သော ရခိုင်အဝေးပြေးခရီးစဉ်များကို ယခုအခါ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

"အခုလဆန်းပိုင်းကစပြီး မိုးများတော့ မြောက်ဦးနဲ့ မင်းပြားဘက်မှာ ရေကြီးပြီး ကားလမ်းတွေမှာပါ ရေလျှံမှုတွေဖြစ်ပေါ်ခဲ့တယ်။ ကားတွေသွားရတာ အန္တရာယ်များတဲ့အတွက် ရပ်နားထားလိုက်ရတာပါ။ အဲဒီဘက်လမ်းကြောင်းပဲ သီးသန့်ပြေးဆွဲတဲ့ဂိတ်တွေဆို လုံးဝပိတ်လိုက်ရတယ်။ အခုတော့ ရေပြန်ကျလို့ ပြန်ပြေးဆွဲပေးတာ ရက်ပိုင်းပဲရှိသေးတယ်။ တခြားဂိတ်တွေလည်း ပြန်ဖွင့်နေပါပြီ" ဟု အဝေးပြေးယာဉ်ပိုင်ရှင်တစ်ဦးကပြောသည်။

ထိုသို့ ရေကြီးရေလျှံခဲ့သည့်အတွက် ခရီးသည်များနှင့် ကုန်ပစ္စည်းများ ပို့ဆောင်ရာတွင် ကြန့်ကြာမှုရှိခဲ့ပြီး ခရီးသည်အနည်းငယ်သာလျှင် စွန့်စားသွားလာခဲ့သော်လည်း ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းကို လုံးဝရပ်နားခဲ့ရကြောင်း၊ ပြီးခဲ့သည့် နှစ်ရက်ခန့်မှစပြီး ရပ်နားခဲ့သော အဝေးပြေးယာဉ်များအားလုံး ပြန်လည်ပြေးဆွဲခဲ့ပြီး ယခုအခါ ခရီးသည်များနှင့် ကုန်ပစ္စည်းများကို ပုံမှန်အတိုင်း ပြန်လည်ပို့ဆောင်ပေးနေပြီဖြစ်ကြောင်း သိရသည်။

နှစ်စဉ် မိုးတွင်းကာလ ရေကြီးရေလျှံမှုများဖြစ်ပွားလျှင် အဝေးပြေးခရီးစဉ်တချို့ကို ရပ်နားလေ့ရှိသော်လည်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ ပွင့်လင်းရာသီတွင်ပင် ခရီးသည်တင်ယာဉ်များနှင့် ကုန်တင်ယာဉ်များ သွားလာရခက်ခဲမှုများရှိပြီး မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်သည်အထိ အခြေအနေဆိုးရွားကြောင်းနှင့် ယင်းသို့ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများသည် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားဖြစ်စေသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း သိရသည်။

မိုးသံထက်

## မိုးလေဝသ သတင်း



www.facebook.com/themyawadydaily



# လေဝ သို့မဟုတ် ဗိုက်စူထွက်ခြင်း၏အဓိကအကြောင်းရင်းများ

အနောက်တိုင်းဆေးပညာတွင် ဝလာခြင်း၊ ကိုယ်အလေးချိန် တက်လာခြင်းမှန်သမျှသည် ခန္ဓာကိုယ်တွင် အဆီများစုပုံလာပြီး ကိုလက်စထရောတက်လာခြင်း၏အကြောင်းရင်းဖြစ်သည်ဟု ဆိုသည်။ မြန်မာဆေးပညာတွင်မူ အဆီဝနှင့်လေဝဟူ၍ နှစ်မျိုးရှိသည်။

အိန္ဒိယမှလာသော အာယုဗေဒဆေးပညာတွင်ကား လေ၊ သည်းခြေ၊ သလိပ်တို့ဖြင့် ဖွဲ့စည်းထားသော၊ တည်ဆောက်ထားသော ခန္ဓာကိုယ်ကြီးတွင် လေကြောင့်လည်း ဝနိုင်သည်၊ သလိပ်ကြောင့်လည်း ဝနိုင်သည်၊ သည်းခြေကြောင့်လည်း ပိန်နိုင်သည်။

သလိပ်ဆိုသည်မှာ အချွဲအမြေးစေးကပ်သော ဓာတ်သဘော၊ ဆူဖြိုးသောဓာတ်သဘောကို ရည်ညွှန်းဆိုလိုသည်။ ပါးစပ်မှထွေးထုတ်ပစ်သော သလိပ်ကိုမမြင်ပါနှင့်။ သလိပ်ဓာတ်အားကောင်းသူသည် ဆူဖြိုးသောခန္ဓာကိုယ်ရှိပြီး စိုပြည်သော အသားအရေရှိမည်။ ဖွေးသောအသားအရေရှိမည်ဖြစ်သည်။ အဆီလည်းများသည်။ အသားထက် အဆီထူလာသောဝခြင်းမျိုးကို သလိပ်ဝဟု ခေါ်ခြင်းဖြစ်သည်။

သည်းခြေဓာတ်၏ သဘောမှာကား ထက်မြက်ခြင်း၊ ပူခြင်း၊ စပ်ခြင်းသဘောရှိသည်။ ဆီးနှင့်ဝမ်းတို့ကို ရွှင်စေသောသဘောရှိသည်ဟု ဆိုသည်။ အသားအရေ၏အရောင်ညိုခြင်း၊ မည်းခြင်း၊ ဝါခြင်း၊ တောက်ပခြင်းတို့သည် သည်းခြေနှင့်ဆိုင်သည်။ ထို့ပြင် မှတ်ဉာဏ်နှင့်သာစေ ဉာဏ်၊ ဇဝနဉာဏ်ကောင်းခြင်းတို့သည်လည်း သည်းခြေနှင့်ပင်ဆိုင်သည်။ ပါဠိကသည်းခြေဆိုလျှင် ဆရာဝန်တို့သိသော အသည်းတွင် တွယ်ကပ်နေသည့် သည်းခြေအိတ်မှထွက်သော သည်းခြေရည်ဖြစ်ပြီး အစာခြေရာတွင် အထောက်အကူပြုသည်။

သည်းခြေအားကောင်းသူသည် ပေါ့ပါးသွက်လက်သည်။ ဉာဏ်ကောင်းပြီး လျင်မြန်ပေါ့ပါးသူဖြစ်သည်။ စိတ်ဆတ်ပြီး စိတ်တိုလွယ်သောသူသည် သည်းခြေပကတိလူသားဖြစ်သည်။ သို့သော် သည်းခြေဓာတ်လွန်ကဲလျှင် အစာအိမ်ကိုပြန်လောင်ပြီး အစာအိမ်နာရောဂါဖြစ်တတ်သည်။ လူကိုပိန်ကြုံစေသည်။

လေပကတိ၏သဘောမှာ သွက်လက်စေသည်။ လေကဲ့သို့ ပေါ့ပါးသည်။ ပြေးလွှားလုပ်ဆောင်ရသော အလုပ်မျိုးတွင် စွမ်းဆောင်နိုင်သည်။ စကားပြောများသည်။ အအိပ်အနေနည်းသည်။ စိတ်ဂနာမငြိမ်ဖြစ်တတ်သည်။ သွား၊ လာ၊ ထိုင်၊ ထရာတွင် အဆစ်အဆက်များမှ အသံမြည်တတ်သည်။ ဤသည်မှာ လေပကတိလူသားတွင် တွေ့ရသည့်သဘောပင်ဖြစ်သည်။



ဗိုက်စူနေသူများသည် နိမ့်ပြီး အိစက်သော ဆိုဖာများတွင် ထိုင်ပြီး အလုပ်လုပ်ခြင်းမသင့်လျော်ပါ။ ဆိုဖာကြောင့် ဗိုက်ကြောများမှာ ခေါက်ဝင်ပြီး ပိုစူထွက်နိုင်သည်။ ဆိုဖာထိုင်ခုံတွင်ထိုင်ပြီး တီဗွီဇာတ်လမ်းတွဲများကြည့်ခြင်း၊ စကားကြာကြာပြောခြင်းများကြောင့်.....

သို့သော် လေသမားသည် သည်းခြေသမားကဲ့သို့ မပိန်ဘဲတစ်ခါတစ်ရံဝလာတတ်သည်။ လေပကတိလူသားဝလျှင် သလိပ်ပကတိလူသားကဲ့သို့ လက်ချောင်း၊ ခြေချောင်းများနှင့် မျက်နှာတွင်ပြည့်ဖြိုးဖောင်းကားမလာဘဲ ဝမ်းဗိုက်တွင် စူထွက်လာတတ်သည်။ မျက်နှာနှင့်လက်ချောင်း၊ ခြေချောင်းများမှာ လိုက်ဝမလာဘဲ ပုံမှန်ပင်ဖြစ်နေတတ်သည်။ ဝသော်လည်း သွက်လက်စွာ လှုပ်ရှားနေသူ၊ စကားပြောနေသူများမှာ လေဝများဖြစ်ပေသည်။

လေဝသမားများသည် ငြိမ်ငြိမ်နေတတ်ပြီး အထိုင်များသောအလုပ်မျိုးနှင့် မကိုက်ညီပေ။ အထိုင်များလျှင် ဗိုက်ပိုစူလာခြင်းမှာ ဝမ်းဗိုက်အတွင်းရှိ အူမကြီးများတွင် လေခိုပြီး ဖောင်းလာခြင်းကြောင့် ဖြစ်သည်။ ဝမ်းချုပ်လေ့ရှိသည်။ ဝမ်းချုပ်ရခြင်းမှာ လေသည် အထက်သို့ဆန်ပြီး အောက်သို့ မစုန်သောကြောင့်ဖြစ်သည်။ လေစာများများစားလျှင် ပို၍ဆိုးသည်။ လေကြောင့် အစာမကြေခြင်းနှင့် ခေါင်းအုံ့မူးဝေခြင်း၊ ဇက်ကြောထိုးခြင်းများပါ ဖြစ်နိုင်လေသည်။

ဗိုက်စူထွက်ပြီး လေဝ ဝနေသူများသည် လေစာများကိုသိထားရန်လိုသည်။ အခါးဟူသမျှ လေဓာတ်ကြွယ်သည်ဟူသော အဆိုရှိသည်။ ခါးသောအရသာရှိသည့် ခွေးတောက်၊ တမာ၊ ကြောင်လျှာ၊ ကြက်ဟင်းခါး၊ လက်ဖက် စသည်တို့သည် လေစာများဖြစ်သည်။ အေးသောအခါ ခါးသွားသည့် မုန်ညင်း၊ မုန်လာ၊ ကိုက်လန်၊ ဟင်းနုနယ်၊ မြူရွက်၊ မဲဇလီဖူး၊ ဂေါ်ရခါးညွန့် စသည်တို့မှာလည်း လေစာများဖြစ်သည်။

လေဝဖြစ်ပြီး ဗိုက်စူသူများသည် လက်ဖက်ရည်ဆိုင်ထိုင်ပြီး ရေနွေးကြမ်း(အဖန်ရည်)သောက်လျှင်လည်း ပိုဆိုးတတ်သည်။ ဗိုက်စူသည့်အပြင် လေချုပ်သည့်ရောဂါပါရတတ်သည်။ လေချုပ်လျှင် ခံတွင်းပျက်၊ အစားပျက်၊ အစာမကြေဖြစ်စေနိုင်သည်။ အထူးသဖြင့် ရေနွေးကြမ်း၊ အဖန်ရည်ကို တစ်ခွက်၊ နှစ်ခွက်ထက်ပိုပြီးမသောက်သင့်ပေ။ ရှေးခေတ်က လူကြီးများသည် အဖန်ရည်သောက်လျှင် ဆားလှော်အနည်းငယ်ထည့်သောက်လေ့ရှိသည်။ လေမချုပ်၊ ဝမ်းမချုပ်စေရန်ထည့်သောက်ခြင်းဖြစ်သည်။ ယခုခေတ်တွင်ဆားထည့်လျှင် သွေးတိုးမည်ထင်သဖြင့် ထိုလေ့မှာ ပျောက်ကွယ်သလောက်ရှိပြီဖြစ်သည်။ အသင့်အတင့်ထည့်ရုံဖြင့် သွေးမတိုးနိုင်ပါ။

ဗိုက်စူနေသူများသည် နိမ့်ပြီး အိစက်သော ဆိုဖာများတွင် ထိုင်ပြီးအလုပ်လုပ်ခြင်းမသင့်လျော်ပါ။ ဆိုဖာကြောင့် ဗိုက်ကြောများမှာ ခေါက်ဝင်ပြီး ပိုစူထွက်နိုင်သည်။ ဆိုဖာထိုင်ခုံတွင် ထိုင်ပြီး တီဗွီဇာတ်လမ်းတွဲများကြည့်ခြင်း၊ စကားကြာကြာပြောခြင်းများကြောင့် ဗိုက်စူထွက်ခြင်းမှာ ပိုဆိုးလာနိုင်သည်ကို သတိပြုသင့်သည်။

ဗိုက်စူနေသူများသည် ထမင်းစားလျှင် ပူပူနွေးနွေးစားမှ အစာကြေမည်။ အေးစက်နေသော ထမင်း၊ ဟင်းစားလျှင် အစာမကြေဖြစ်ပြီး လေပိုပွစေနိုင်သည်။ ဟင်းချိုရည်ပူပူသောက်စားခြင်းဖြင့် လေကိုအောက်သို့ကျစေနိုင်သည်။ အချိုရည်နှင့်ရေခဲရေများသောက်ခြင်းသည် အစာမကြေဖြစ်စေသည့်အပြင် လေကိုပျက်စေနိုင်သည်။ ဝမ်းပိုချုပ်စေနိုင်သည်။

လေသမားများအတွက် အရေးပါသည့်အချိန်မှာ ညနေစောင်းအချိန်ဖြစ်သည်။ နံနက် သလိပ်၊ နေ့လယ် သည်းခြေ၊ ညနေ လေဟုအဆိုရှိသဖြင့် လေသမားများအတွက် ဓာတ်စာပေးလျှင် ညနေအချိန်တွင်ပေးလေ့ရှိသည်။

ညနေစောင်း(ညနေ ၃ နာရီမှ ၆ နာရီအတွင်း)တွင် ရှောက်ဖျော်ရည်၊ မန်ကျည်းမှည့်ဖျော်ရည်၊ ကမ္ဗလာသီးဖျော်ရည်၊ ဆီးဖျော်ရည်များတိုက်ကျွေးလျှင် လေအောက်သက်ပြီး ဝမ်းမှန်စေသည်ဟု ရှေးကဆရာကြီးများပေးလေ့ရှိသော ဓာတ်စာဖြစ်သည်။

**လေမျိုးရှစ်ဆယ်ဆေး**သည် ရှေးကုန်းဘောင်ခေတ်မှစ၍ သမားတော်များသုံးသော လက်စွဲဆေးဖြစ်သည်။ ထိုဆေးတွင် လေကြေစေသော သိန္ဓောဆားနှင့်ဇဝက်သာဆားများပါဝင်သည်။ လေမျိုးရှစ်ဆယ်ဆေးနည်းကို အောက်တွင်ဖော်ပြထားသည်။ မည်သူမဆိုမိမိအိမ်သုံးအတွက် ပရဆေးဆိုင်များတွင် ဖော်စပ်သုံးစွဲနိုင်သည်။

လေမျိုးရှစ်ဆယ်ဆေးကို လျက်ဆားကဲ့သို့ ထမင်းစားပြီးလျှင် လျက်လည်းရသည် သို့မဟုတ် ရှောက်သီးအရည်ဖြင့်ဖျော်ပြီး သောက်လျှင်လည်း ရသည်။ အဆီကျပိန်လိုသူများသည် လေမျိုးရှစ်ဆယ်ဆေး ကော်ဖီဇွန်းငယ်တစ်ဇွန်းကို ရေနွေးသောက်သည့်ကြွေပန်းကန်တစ်လုံးတွင် ထည့်၍ ရှောက်သီးအရည် ကြွေဇွန်းသုံးဇွန်းဖြင့် ဖျော်စပ်ပါ။ ချက်ချင်းဖျော်ပြီး ချက်ချင်းသောက်ပါ။ ခံတွင်းချဉ်လျှင် ရေအေးတစ်ခွက်သောက်ပါ။ နေ့စဉ် ညနေ ၃ နာရီမှ ၆ နာရီအတွင်း အစာနှင့်ဝေးချိန်တွင် သောက်ပေးလျှင် အဆီကျပြီး ပိန်စေနိုင်သည်။ လေပွပြီး ဗိုက်စူထွက်ခြင်းကို သက်သာစေသည်။ တစ်လခန့်မှန်မှန်သောက်ရန် လိုပါသည်။

**လေမျိုးရှစ်ဆယ်ဆေးနည်း**

**ဆေးတွင်ပါဝင်သောကုန်ကြမ်းနှင့်အလေးချိန်**

| | | |
|---|---|---|
| ၁။ | ဖာလာငယ် | ၈ ပဲသား |
| ၂။ | လေးညှင်းပွင့် | ၁၂ ပဲသား |
| ၃။ | ကွတ္တရာ | ၁၂ ပဲသား |
| ၄။ | ပရုတ် | ၃ ကျပ် ၄ ပဲသား |
| ၅။ | နွယ်ချို | ၅ ကျပ် ၈ ပဲသား |
| ၆။ | ဆားပုပ် | ၆ ကျပ် ၄ ပဲသား |
| ၇။ | ဇဝက်သာ | ၁၂ ကျပ် ၈ ပဲသား |
| ၈။ | သိန္ဓော | ၂၅ ကျပ် သုညပဲသား |
| | စုစုပေါင်းအလေးချိန် | ၅၄ ကျပ် ၈ ပဲသား |

| | | |
|---|---|---|
| လတ်ဆတ်သော ဆေးဝါး၏အရောင် | - | သနပ်ခါးရောင်၊ ဖြူဝါဖျော့ |
| လတ်ဆတ်သော ဆေးဝါး၏အနံ့ | - | ပရုတ်လွှမ်းသော အနံ့ |
| လတ်ဆတ်သော ဆေးဝါး၏အရသာ | - | အေး၊ ချို၊ ငန်၊ စပ် |
| အဓိကနိုင်သော ရောဂါများ | - | လေနာရောဂါများ၊ သလိပ်ကပ် ချောင်းဆိုး |
| ဆေးတစ်ခွက်စာ ပမာဏ | - | လူကြီး နှစ်ပဲသား (ကော်ဖီဇွန်းငယ် တစ်ဇွန်း)၊ ကလေးတစ်ပဲသား (ကော်ဖီဇွန်းငယ် ½ ဇွန်း)။ ။ |

ကြည်လွင်မြင့်(မုဒြာ)

---

# မန်တုံမြို့၌ ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပ

မန်တုံ ဇူလိုင် ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးပွဲ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာချစ်ဝင်းလေးက ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာများနှင့် မူးယစ်ဆေးဝါး၏ ဘေးထွက်ဆိုးကျိုးအန္တရာယ်များကို အသိပညာပေးဟောပြောသည်။

ထို့နောက် မန်တုံမြို့နယ် ပြည်သူ့ဆေးရုံမှ သူနာပြုဆရာမ ဒေါ်အေးဆိုင်က ငှက်ဖျားရောဂါအကြောင်းနှင့် သွေးလွန်တုပ်ကွေး ရောဂါအကြောင်းတို့ကို ဆွေးနွေးဟောပြောသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာချစ်ဝင်းလေးနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြင့်အောင်



www.facebook.com/themyawadydaily

# ဆံပင်တိုနေလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိတယ်လို့ပြောတဲ့ အောင်ရဲလင်း



သရုပ်ဆောင်အောင်ရဲလင်းသည် လက်ရှိတွင် ရင်ခွင်ထဲကသတို့သမီးဇာတ်ကားကို သရုပ်ဆောင်သဥ္ဇာနွယ်ဝင်းနှင့်အတူ ရိုက်ကူးနေကြောင်း သိရသည်။

သရုပ်ဆောင်အောင်ရဲလင်းသည် ဆံပင်ပုံစံအမျိုးမျိုးဖြင့် တွေ့မြင်ရတတ်သူဖြစ်ပြီး လက်ရှိတွင် အောင်ရဲလင်း၏ဆံပင်ပုံစံမှာ ခေါင်းတုံးဆံပင်ပေါက်ပုံစံဖြစ်နေသဖြင့် သူ့အနေဖြင့် ဆံပင်တိုနေသော်လည်း ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိကြောင်း ပြောသည်။

"ကျွန်တော့်အတွက်ကတော့ ဒီအချိန်မှာ ဆံပင်တိုတယ်၊ ရှည်တယ်ဆိုတာက ပြဿနာမဟုတ်ပါဘူး။ ဆံပင်က အဓိကမကျဘူးလို့ ထင်တယ်။ အရင်တုန်းကတော့ ဆံပင်ပေါ်မှာ ယုံကြည်မှုတွေအများကြီးထားခဲ့တာပါ။ ခေါင်းတုံးတုံးပြီးနောက်ပိုင်းမှာ ကျွန်တော် ကာရိုက်တာပိုင်းကိုပဲ အဓိကထားပြီးကြိုးစား သရုပ်ဆောင်တယ်။ နောက်ပိုင်း တဖြည်းဖြည်းနဲ့ အဆင်ပြေလာတယ်။ ပရိသတ်တွေအနေနဲ့ အရင်ကအောင်ရဲလင်းမဟုတ်ဘဲ အောင်ရဲလင်းနောက်တစ်ယောက်အဖြစ် တွေ့မြင်ရမှာပါ" ဟု ၎င်းကပြောသည်။

**အေးမြတ်မိုး**

## I Like That တေးသီချင်းဖြင့် နွေရာသီ ဂီတရပ်ဝန်းသို့ SISTAR အဖွဲ့ပြန်လာမည်



**ဆိုးလ် ဇူလိုင် ၁၈**

K-pop အဆိုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် SISTAR အဖွဲ့သည် ၂၀၁၆ ခုနှစ်အတွက် ပထမဆုံး နွေရာသီတေးသီချင်းတစ်ပုဒ်ဖြစ်သည့် I Like That တေးသီချင်းဖြင့် ဇူလိုင် ၂၃ ရက်တွင် နွေရာသီဂီတရပ်ဝန်းသို့ ပြန်လာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတေးသီချင်းသည် သစ္စာမရှိသော အမျိုးသားတစ်ဦးကို ချစ်မိခဲ့သည့် မိန်းကလေးတစ်ဦး၏အကြောင်းကို ဥဒ္ဒေါန်းဖွဲ့ရေးသားထားခြင်းဖြစ်သည်။ ထို့ပြင် ယင်းတေးသီချင်း၏ဂီတဗီဒီယိုတွင် အဖွဲ့ဝင်များ၏ သီဆိုပုံစတိုင် တစ်ယောက်တစ်မျိုးစီဖြင့် အဖွဲ့လိုက် ညီညွတ်စွာသီဆိုသရုပ်ဆောင်ထားသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။ SISTAR အဖွဲ့သည် ပြီးခဲ့သောခြောက်နှစ်အတွင်းက ၎င်းတို့၏ နွေရာသီတေးသီချင်းကို နောက်ဆုံးအကြိမ်ထုတ်လွှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref: Billboard**

## ဒုဋ္ဌဝတီကိုကျော်လွန်၍ ရုပ်ရှင်ဇာတ်ကားနဲ့ သရုပ်ဆောင်နိုင်းနိုင်း



ဒုဋ္ဌဝတီကိုကျော်လွန်၍ ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးနေသည့် သရုပ်ဆောင်နိုင်းနိုင်းက အဆိုပါဇာတ်ကားအတွက် လိုအပ်သည့်ရိုက်ကူးမှုများပြုလုပ်ရန် ပြင်သစ်နိုင်ငံ ပဲရစ်မြို့သို့ သွားရမည်ဖြစ်ကြောင်း အင်တာဗျူးလုပ်စဉ်က ပြောပြခဲ့သည်။ ဒုဋ္ဌဝတီကိုကျော်လွန်၍ ရုပ်ရှင်ဇာတ်ကားရိုက်ကူးမှုသည် ယခုအခါ ၇၀ ရာခိုင်နှုန်းခန့်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီဇာတ်ကားနမူနာကိုပြပြီးတော့ စာနယ်ဇင်းရှင်းလင်းပွဲထပ်လုပ်မယ်။ ကျွန်တော် အဲဒီဇာတ်ကားအတွက် ဇူလိုင် ၁၈ ရက်မှာ ပြင်သစ်နိုင်ငံ ပဲရစ်မြို့ကို ခဏသွားမယ်။ ပြီးတော့ လိုအပ်တဲ့ ဇာတ်လမ်းရိုက်ကူးထားတဲ့ အပိုင်းတွေကို နမူနာထုတ်မယ်။ ကျန်တဲ့ကာလာညှိတဲ့အပိုင်းတွေ၊ Edit အပိုင်းတွေနဲ့ ကွန်ပျူတာ Effect တွေကတော့ ဘယ်နိုင်ငံမှာလုပ်ဖြစ်မလဲ မသိဘူး။ ကျွန်တော်ကိုယ်တိုင်လည်း အကောင်းဆုံးကြိုးစားထားသလို အားလုံးကလည်း ကြိုးစားရိုက်ကူးထားကြပါတယ်။ ဒီဇာတ်ကားကို အချိန်သုံးလပေးထားတဲ့အတွက် ကြားထဲမှာတော့ တခြားဇာတ်ကားတွေ လက်ခံလို့မရပါဘူး။ ကျွန်တော်ကတော့ အမြဲတမ်းကိုယ့်ပရိသတ်တွေအတွက် ကြိုးစားနေပါတယ်" ဟု သရုပ်ဆောင်နိုင်းနိုင်းကပြောသည်။

**အေးမြတ်မိုး**

## မြန်မာရင်ဖုံးအင်္ကျီလေးတွေဝတ်ရတာကို သဘောကျတယ်ဆိုတဲ့ သရုပ်ဆောင် အေးမြတ်သူ



**ပရိသတ်အားပေးမှုရရှိထားသည့် သရုပ်ဆောင်အေးမြတ်သူက ခေတ်မီသည့်ဖက်ရှင်ပုံစံများကို သာမက မြန်မာရင်ဖုံးအင်္ကျီများဝတ်ရသည်ကိုလည်း သဘောကျကြောင်း၊ တစ်ခါတလေ ခေတ်ဆန်သည့်ဖက်ရှင်များကို စိတ်အလိုလိုက်ပြီးဝတ်မိသောကြောင့် ပရိသတ်များ၏ ဝေဖန်မှုကိုလည်း ခံခဲ့ရကြောင်း ဖွင့်ဟခဲ့သည်။ ဆက်လက်၍ အေးမြတ်သူ၏လတ်တလော အနုပညာလှုပ်ရှားမှုများကို ပရိသတ်များအတွက် ဖော်ပြပေးလိုက်ပါသည်။**

**မအေးမြတ်သူ လက်ရှိရိုက်ကူးထားတဲ့ဇာတ်ကားတွေအကြောင်း ပြောပြပေးပါဦး။**

လက်ရှိ ရိုက်ကူးထားတာကတော့ ရွှာလေးဆိုတဲ့ ဟာသကားလေးရိုက်ထားပါတယ်။ ရုပ်ရှင်ဇာတ်ကားရိုက်ဖို့လည်းရှိပါတယ်။ သေချာပြီဆိုရင်တော့ ပရိသတ်တွေကို အသိပေးမှာပါ။

**မအေးမြတ်သူအနေနဲ့ ဘယ်လိုဇာတ်ရုပ်ပုံစံတွေ ရိုက်ကူးချင်လဲဆိုတာ ပြောပြပေးပါဦး။**

အေးမြတ်သူက ဘဝသရုပ်ဖော်ဇာတ်တွေကို ပိုအားရတယ်။ ပိုပြီးတော့လည်း သဘောကျမိတယ်။ ဒရာမာဇာတ်ပဲဖြစ်ဖြစ်၊ ဟာသဇာတ်ပဲဖြစ်ဖြစ် သူ့ဟာနဲ့သူတော့ ခက်ခဲပါတယ်။ ပရိသတ်ကိုဖန်တီးပြရတာအတူတူဆိုတော့ ဇာတ်ရုပ်အစုံကို သရုပ်ဆောင်ချင်တယ်။

**တချို့တွေက ဘယ်လိုကာရိုက်တာကခက်ခဲပြီး ဘယ်လိုကာရိုက်တာကိုတော့ လုပ်နိုင်တယ်ဆိုတာမျိုးတွေရှိတယ်လေ။ မအေးမြတ်သူကရော။**

လူတစ်ယောက်ကို ငိုအောင်လုပ်ရတာလည်းမလွယ်ဘူး။ ငိုတာက ကိုယ့်စိတ်ခံစားမှုနဲ့ပေါင်းစပ်ပြီးတော့ လုပ်ရပါတယ်။ နောက်ပြီး ရယ်အောင်လုပ်ရတာလည်း မလွယ်ပါဘူး။ ရယ်ဖို့အတွက် တစ်ဖက်လူရဲ့အခံအိုက်တင်၊ သူ့စကား၊ ကိုယ့်ရဲ့မျက်နှာအနေအထားကို ကိုယ့်မျက်နှာပေါ်က အကြောတွေအားလုံးလှုပ်ရှားရတယ်။ တစ်ခုစီကတော့ ခက်ခဲပါတယ်။ တချို့က နှစ်မျိုးစလုံးပိုင်တဲ့ သရုပ်ဆောင်တွေလည်းရှိပါတယ်။ အေးမြတ်သူကတော့ ကာရိုက်တာအားလုံးပိုင်တဲ့ သရုပ်ဆောင်ထဲမှာ မပါသေးပါဘူး။

**မြန်မာဝတ်စုံလေးတွေ အဝတ်များလာတာတွေ့ရတယ်နော်။ ဘာကြောင့်လဲဆိုတာ ပြောပြပေးပါဦး။**

အေးမြတ်သူအတွက် သက်သောင့်သက်သာဖြစ်အောင်လို့ မြန်မာဝတ်စုံလေးတွေ ဝတ်ဖြစ်ပါတယ်။ ဂါဝန်တွေက တစ်ခါတလေ ကျပ်ကျပ်တည်းတည်းဆိုတော့ နေရထိုင်ရတာကျဉ်းကျပ်တယ်၊ ဒါကြောင့်ပါ။

**မြန်မာဝတ်စုံဝတ်တဲ့အပေါ် ပရိသတ်အမြင်လေးကိုပြောပြပေးပါဦး။**

အေးမြတ်သူရဲ့ပရိသတ်တော်တော်များများက မြန်မာဝတ်စုံဝတ်တာကို ပိုသဘောကျကြတယ်။ အေးမြတ်သူလည်းကြိုက်ပါတယ်။ တစ်ခါတလေကျတော့ အေးမြတ်သူက စိတ်အလိုလိုက်မိတာပေါ့နော်။ ပုထုဇဉ်ဖြစ်နေတော့ တစ်ခါတလေအမှားလေးတွေလုပ်မိပါတယ်။

**ကိုယ့်ရဲ့အဝတ်အစားဖန်တီးပေးတဲ့သူတွေကိုရော အေးမြတ်သူအနေနဲ့ ပြောချင်တဲ့စကားလေး ပြောပေးပါဦး။**

ဒီဇိုင်နာတွေအကုန်လုံး အေးမြတ်သူအကြိုက်ကိုသိကြပါတယ်။ လက်ရှိချုပ်ပေးတဲ့သူတွေရော မေတ္တာနဲ့ချုပ်ပေးတဲ့သူတွေပါ ကျေးဇူးတင်ပါတယ်။ မြန်မာဝတ်စုံထဲကမှ ရင်ဖုံးအင်္ကျီဝတ်ရတာ ပိုပြီးကြိုက်ပါတယ်။

**ပရိသတ်အတွက် စကားလက်ဆောင်လေးပြောပေးပါဦး။**

အေးမြတ်သူ အကောင်းဆုံးကြိုးစားနေပါတယ်။ ပရိသတ်တွေကလည်း အေးမြတ်သူကို ဆက်လက်အားပေးကြပါဦးလို့ ပြောချင်ပါတယ်။

**အေးမြတ်မိုး**

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲပြုလုပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်အေး သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် ဇူလိုင် ၁၈

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ပြုလုပ်ရာ ကျိုင်းယင်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်အေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် အရာရှိ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျိုင်းယင်းကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ ရပ်တော်မူထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း တောင်တန်းသာသနာပြုထောက်ပံ့ရေးအသင်း၏ပထမအကြိမ် ဝါဆိုသင်္ကန်း၊ ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းကို ဇူလိုင် ၁၇ ရက် နေ့လယ်ပိုင်းတွင် အဆိုပါကျောင်း၌ပြုလုပ်ရာ တိုင်းမှူးနှင့်တာဝန်ရှိသူများတက်ရောက်ကြပြီး ရပ်တော်မူထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် သံဃာတော်များအား ဝါဆိုသင်္ကန်း၊ ဆန်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)







# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ ၂၀၁၆ (နေပြည်တော်)ကျင်းပ



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မိုးမြင့်ထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နေပြည်တော် ဇူလိုင် ၁၈

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ ၂၀၁၆ (နေပြည်တော်)ကို ယနေ့နေ့လယ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ငြိမ်းအေးခန်းမ၌ပြုလုပ်ရာ နေပြည်တော် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မိုးမြင့်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များမှ ကိုယ်စားလှယ်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အကြိုညီလာခံ ၂၀၁၆ (နေပြည်တော်)၏ ရွှေ့လုပ်ငန်းစဉ် ၇ ရပ် ချမှတ်ခြင်းနှင့် အတည်ပြုခြင်းများဆောင်ရွက်၍ ဆွေးနွေးချက်များအပေါ် အတည်ပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ၂၀၁၆-၂၀၁၇ ပညာသင်နှစ် စစ်မှုထမ်းဟောင်းမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများပေးအပ်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြတ်ကျော် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်ပေးအပ်စဉ်။

နေပြည်တော် ဇူလိုင် ၁၈

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများကို ယနေ့နေ့လယ်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြတ်ကျော်နှင့် တာဝန်ရှိသူများက တွေ့ဆုံအမှာစကားပြောကြားပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ် ၆၈၇၇ အုပ်အား ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် ဖွင့်လှစ်ထားသည့် ဘော်ဒါဆောင်သို့သွားရောက်၍ ခန်းမတစ်လုံးနှင့်အုပ်ချုပ်မှုအဆောက်အအုံတစ်လုံးတို့ ဆောက်လုပ်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်

နေပြည်တော် ဇူလိုင် ၁၈

၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကရင်ပြည်နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီး၊ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဝင်းနှင့်တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့သောစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သား၊ သမီး ကျောင်းသား၊ ကျောင်းသူ ၄ ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ၃ ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် သုံးဦး၊ ၁ ဘာသာဂုဏ်ထူးရှင် ခုနစ်ဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၅ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဆုများ အသီးသီးပေးအပ်ခဲ့ပြီးနောက် စစ်မှုထမ်းဟောင်းအကြိုညီလာခံ (၂၀၁၆) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အလှူငွေများပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ဘားအံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်ကြည့်ရှုအားပေးပြီး တစ်ဦးချင်းကျန်းမာရေးအခြေအနေများ မေးမြန်းကာ လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဝင်း ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့သောကျောင်းသားတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေလှပျားစာကြည့်တိုက်အတွက် မော်တော်ယာဉ်သုံးစီးလှူဒါန်းပွဲသို့တက်ရောက်

ရန်ကုန် ဇူလိုင် ၁၈

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေလှပျား စာကြည့်တိုက်အတွက်အသုံးပြုရန် ဂျပန်နိုင်ငံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Sumitomo Corporation Asia & Oceania Pte Ltd. မှလှူဒါန်းသည့် ရွှေလှပျားစာကြည့်တိုက်မော်တော်ယာဉ်အား ကြည့်ရှုစဉ်။

ထို့နောက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း သဘာပတိ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မော်တော်ယာဉ်များလှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က CEO Mr.Masao Sekiuchi အား ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း အမှတ်တရဂုဏ်ပြုမှတ်တမ်း လွှာပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် Sumitomo Corporation Asia & Oceania Pte Ltd. မှလှူဒါန်းသည့် ရွှေလှပျားစာကြည့်တိုက်မော်တော်ယာဉ်အား လှည့်လည်ကြည့်ရှုသည်။

ယနေ့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းရွှေလှပျား စာကြည့်တိုက်အတွက် Sumitomo Corporation Asia & Oceania Pte Ltd. မှ လှူဒါန်း

လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

(သတင်းစဉ်)

# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရေတိုရေရှည်စီမံဆောင်ရွက်ထားရမည်

နေပြည်တော် ဇူလိုင် ၁၈

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်

ကိုလည်းကောင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က မိုးရွာသွန်းမှုအခြေအနေ၊ မြစ်ချောင်းများတည်ရှိမှု၊ မြစ်ရေကြီးမှုမှတ်တမ်းနှင့်ရေကြီး နစ်မြုပ်မှုအန္တရာယ်မှ ကင်းဝေးစေရန်ဆောင်

ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးမှူးက သဘာဝဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့ပေးခဲ့မှုများကိုလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ဌေးက တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံ

ထွန်းနှင့် ဦးကျော်မျိုးတို့က ဝန်ကြီးဌာနအလိုက် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနေမှုအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယ

ပြီး တိကျရန်လိုအပ်ပါကြောင်း၊ မမှန်ကန်သော စာရင်းများကို အကောင်အထည်ဖော်ပါက အောင်မြင်မှု ရရှိနိုင်မည်မဟုတ်ပါကြောင်း၊ စာရင်းဇယားမှန်ကန်မှသာ လုပ်ငန်းများအောင်မြင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီ နန်းတော်ရာရှိ ရှေးဟောင်းသုတေသနပြခန်းအတွင်း လိုက်လံကြည့်ရှုစဉ်။

ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ဒေသဆိုင်ရာအချက်အလက်များ

ထိန်းသိမ်းထားမှု၊ ကဝမြို့နယ် ကမာခဲ စက်လှေဆိပ်နှင့် အုန်းနဲ-ဝဲပရက်တူးမြောင်း တို့ကို ကြည့်ရှုသည်။

(သတင်းစဉ်)

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်-စကုတို့ဖြင့် လပွတ္တာမြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၈

ဧရာဝတီတိုင်းဒေသကြီးအတွင်းရောက်ရှိ

နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၇ ဦး၊ မျက်စိရောဂါ ၁၂၈ ဦးနှင့် သွားရောဂါ ၁၁၉



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

(၁၀၀)

# UNFC ကမျှော်လင့်သော (၂၁)ရာစုပင်လုံညီလာခံဖြစ်ပေါ်ရေးသည် နိုင်ငံရေးဆိုင်ရာမူဘောင်ပြန်လည်ပြင်ဆင်ရေးတွင် ပါဝင်ပြင်ဆင်နိုင်ရေးက အဓိကကျဟုဆို

ရန်ကုန် ဇူလိုင် ၁၈

NCA လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ စုပေါင်းဖွဲ့စည်းထားသည့် ညီညွတ်သောတိုင်းရင်းသား လူမျိုးများ ဖက်ဒရယ်ကောင်စီ(UNFC)အနေ



UNFC ၏ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။

သားအစည်းအဝေးမှာ ထည့်သွင်းဆွေးနွေးသွား ဖို့လည်းရှိပါတယ်"ဟု ခူးရယ်ကပြောသည်။

"ကျွန်တော်တို့ UNFC မှာ NCAလက်မှတ်

ရာစုပင်လုံညီလာခံကြီးကျင်းပတော့မှာဖြစ်လို့ လက်ရှိမှာဖြစ်ပွားနေတဲ့ တိုက်ပွဲတွေကိုလည်း နှစ်ဖက်အဖွဲ့တွေအနေနဲ့ တစ်နိုင်ငံလုံးအနေနဲ့

မောင်မျိုး(မြဝတီ)

# ရခိုင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့်ဒေသများသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကလှူဒါန်းသည့် စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများပေးအပ်

နေပြည်တော် ဇူလိုင် ၁၈

ရခိုင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သည့်ဒေသများသို့ တပ်မတော်



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်လင်းဒွေး ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာနှင့်အသုံးအဆောင်ပစ္စည်းများပေးအပ်စဉ်။

အလှူငွေများနှင့် ဒေသခံပြည်သူများအတွက် ဆေးဝါးများကို အသီးသီးပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာ ယူ-၁၆ အသင်း အုပ်စုနောက်ဆုံးပွဲတွင် ဖိလစ်ပိုင် ယူ-၁၆ ကို ဂိုးပြတ်အနိုင်ရ

ရန်ကုန် ဇူလိုင် ၁၈

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် ၂၀၁၆ အာဆီယံ ယူ-၁၆ ချန်ပီယံ ရှစ်ပြိုင်ပွဲတွင် မြန်မာ ယူ-၁၆ အသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်၌ ဖိလစ်ပိုင် ယူ-၁၆ အသင်းကို ဒုတိယပိုင်းသွင်းဂိုးများဖြင့် ဂိုးပြတ် နိုင်ပွဲရရှိခဲ့သည်။

အဖွင့်ဂိုးကိုသွင်းယူနိုင်ခဲ့သည်။ ပွဲချိန် ၆၇ မိနစ်တွင် ဘိုဘိုအောင်၊ ပွဲချိန် ၈၀ မိနစ်တွင် ဟိန်းထက်အောင်တို့က အနိုင်ဂိုးများသွင်းခဲ့ပြီး မြန်မာ ယူ-၁၆ အသင်း သုံးဂိုးပြတ်ဖြင့် နိုင်ပွဲ ရရှိခဲ့သည်။

မြန်မာ ယူ-၁၆ အသင်းသည် အုပ်စုအဆင့်

တီတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwdpress@hotmail.co.uk



myME hosts a group of street children for a lesson on a bus in Yangon.

# myME projects extended for out-of-school children in Yangon

**Yangon July 18**

Myanmar Mobile Education (myME) projects will be extended to cities and villages across the country.

The myME provides free-of-charge education to waiters in tea shops in Yangon and Mandalay through mobile classrooms. As of this academic year, the myME will provide education to out-of-school children in sub-urban areas.

U Tin Maung Maung Aye, founder and director said: "As a next step to extend its project, the myME plans to educate out-of-school children in sub-urban areas but not those from tea shops.

The myME teaches children English, Maths, social dealings, health knowledge and computer course three days a week by classifying two levels.

The myME has started a pilot project in 155-ward in Dagon Myothit (East) Township.

From the first week of November, 2013 to the second week of June, 2014, the projects taught around 140 waiters from the Lucky Seven tea shops in Tamwe and North Okkalapa Townships in Yangon. Now, the myME project has educated more than 600 children so far in Yangon and Mandalay.

Plans are under way to launch the projects in Dagon Myothit (East), Dagon Myothit (South), Dagon Seikkan and Hlaingthaya Townships in Yangon soon.

**Zar Ni**

# *Myeik Archipelago added to tour schedule*

**Yangon July 18**

In an attempt to extend tourist destinations, tours to islands in the Myeik Archipelago will be added to the tour schedule in coming travel season, according to Domestic Pilgrimage and Tourism Entrepreneurs Association said.

U Than Htay, chair of the association said: "We are creating new destinations. In the past, we created new tours to Akauk Hill in Pyay. Now, we extend our tours to villages in Kayah State and Pakokku Township. In October, we will extend our tours to Myeik Archipelago."

"It can create more employment opportunities for local people and they will get jobs like tour guides for tourists," he added.

Ko Arkar Soe from Yankin Township said: "Our country has many tourist destinations and attractions. The only weak point is transportation and security. The country will receive more visitors if transportation and accommodation is okay."

Ko Kaung Sithu, sale manager from the 7 Days Travels and Tours said: "New tours can draw attractions of local and foreign visitors."

The country has drafted a master plan for the development of tourism industry. The country's tourist arrivals are set to reach more than seven million in 2020, according to the Myanmar Tourism Entrepreneurs Association. In 2013, the country received more than three million tourists and more than four million in 2014 and 2015.

**MMK**

## Health Ministry targets border regions for drug-resistant malaria projects

**Yangon July 18**

To control the spread of drug-resistant malaria, the Ministry of Health is eyeing border regions for anti-malaria projects, said an official from the National Malaria Control Program.

For the eradication of drug-resistant malaria, the Health Department has classified the regions and states into three phases. The phase-1 covers 10 townships in Taninthayi Region, 10 townships in Mon State and 21 townships in Bago Region. Kayin State, Kayah State, Kachin State and Bago Region (East) are included in the second phase and the remaining regions and states in the third phase.

